# ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်

## အခွန်ထမ်း၏လက်မှတ် မှတ်တမ်း

**အီလက်ထရောနစ် (စာရွက်မဟုတ်သည့်) မီဒီယာအသုံးပြု၍ တင်သွင်းသည့် အခွန်ကြေညာလွှာများအတွက် ဖြည့်စွက်ချက်**
**(ညွှန်ကြားချက်များကိုကြည့်ပါ။)**

<table>
<tr><td>အခွန်ထမ်း၏<br>ကိုယ်ရေးအချက်အလက်</td><td colspan="3">က။ အခွန်ထမ်းအမျိုးအစား : သက်ဆိုင်ရာအကွက်တွင် အမှတ်ခြစ်ပါ ► ☐ တစ်ဦးချင်းပုဂ္ဂိုလ် ☐ ပုဂ္ဂိုလ်စု ☐ ကုမ္ပဏီ<br>☐ အခြေခံသမဝါယမအသင်း (Primary Co-operative)<br>☐ အခြားသမဝါယမအသင်း (Non-primary Cooperative)<br>ခ။ ဘဏ္ဍာနှစ် : ☐ ၂၀၁၅/၂၀၁၆ ☐ ၂၀၁၆/၂၀၁၇ ☐ ၂၀၁၇/၂၀၁၈ ☐ ၂၀၁၈/၂၀၁၉ ☐ ၂၀၁၉<br>ဂ။ အီလက်ထရောနစ်နည်းလမ်းဖြင့် တင်သွင်းသည့် အခွန်ကြေညာလွှာ အမျိုးအစား : သက်ဆိုင်ရာအကွက်တွင် အမှတ်ခြစ်ပါ။ ►<br>☐ ဝင်ငွေခွန် ☐ အခြေပစ္စည်းမှမြတ်စွန်းငွေအပေါ်ကောက်ခံသည့်အခွန်<br>☐ နှစ်ချုပ်ကုန်သွယ်လုပ်ငန်းခွန်<br>☐ ကုန်သွယ်လုပ်ငန်းခွန်-သုံးလပတ် ခွဲခြားဖော်ပြပါ : ☐ ပ-သုံးလပတ် ☐ ဒု-သုံးလပတ် ☐ တ-သုံးလပတ် ☐ စ-သုံးလပတ်<br>☐ အထူးကုန်စည်ခွန်-သုံးလပတ် ခွဲခြားဖော်ပြပါ : ☐ ပ-သုံးလပတ် ☐ ဒု-သုံးလပတ် ☐ တ-သုံးလပတ် ☐ စ-သုံးလပတ်<br>ဃ။ အီလက်ထရောနစ်ဖိုင်အမည် : ပြည်တွင်းအခွန်များဦးစီးဌာနသို့ တင်ပြထားသည့် အီလက်ထရောနစ်ဖိုင်၏အမည်ကို အောက်တွင် ဖော်ပြပါ။ ►<br>______________________________</td></tr>
<tr><td>အမည်</td><td></td><td>အခွန်ထမ်းမှတ်ပုံတင်<br>အမှတ်</td><td></td></tr>
<tr><td>ဇနီး(သို့)ခင်ပွန်းအမည် အပြည့်အစုံ<br>(အိမ်ထောင်ရှိပါက)</td><td></td><td>အခွန်ထမ်းမှတ်ပုံတင်<br>အမှတ်</td><td></td></tr>
<tr><td>စာပို့လိပ်စာ<br>(စာပို့သင်္ကေတဖော်ပြပါ)</td><td colspan="3"></td></tr>
<tr><td>နေရပ်လိပ်စာ</td><td colspan="3"></td></tr>
<tr><td>ဆက်သွယ်ရန်ဖုန်းနံပါတ်</td><td></td><td>အီးမေးလိပ်စာ</td><td></td></tr>
<tr><td>အကောက်ခွန် IE Code</td><td></td><td>Industry Code<br>လုပ်ငန်းအမျိုးအစား<br>ကုဒ်နံပါတ်</td><td></td></tr>
</table>

<table>
<tr><td colspan="4">ဆောင်ရွက်ခယူ၍ ကြေညာလွှာဖြည့်သွင်းသူ၏ ကတိဝန်ခံချက် (ဆောင်ရွက်ခယူ၍ ကြေညာလွှာဖြည့်သွင်းသူ မရှိပါက ဤအပိုင်းကို ဖြည့်သွင်းရန်မလိုပါ။)</td></tr>
<tr><td colspan="4">အထက်ဖော်ပြပါ electronic ဖိုင်အမည်အတွင်းရှိ အချက်အလက်များသည် ကျွန်ုပ် သိရှိရသော အချက်အလက်အားလုံးအရ မှန်ကန်ပြည့်စုံပါကြောင်းဝန်ခံလက်မှတ်ရေးထိုးပါသည်။<br>(မှတ်ချက်။ စာရွက်စာတမ်းလိမ်ညာတင်သွင်းခြင်းသည် ရာဇသတ်ကြီးဥပဒေပုဒ်မ ၁၇၇ ကို ချိုးဖောက်ခြင်းဖြစ်သည်။)</td></tr>
<tr><td>ဆောင်ရွက်ခယူ၍ ကြေညာလွှာ<br>ဖြည့်သွင်းသူ လက်မှတ်</td><td></td><td>ရက်စွဲ(ရက်၊လ၊နှစ်)</td><td></td></tr>
<tr><td>ဆောင်ရွက်ခယူ၍ ကြေညာလွှာ<br>ဖြည့်သွင်းသူ အမည်</td><td></td><td>အခွန်ထမ်းမှတ်ပုံတင်<br>အမှတ်</td><td></td></tr>
<tr><td>လုပ်ငန်းအမည်</td><td></td><td rowspan="2">လုပ်ငန်းလိပ်စာ</td><td></td></tr>
<tr><td>လုပ်ငန်း၏ အခွန်ထမ်း<br>မှတ်ပုံတင်အမှတ်</td><td></td><td></td></tr>
<tr><td>ဆက်သွယ်ရန်ဖုန်းနံပါတ်</td><td></td><td>အီးမေးလိပ်စာ</td><td></td></tr>
</table>

| အခွန်ထမ်း(သို့) ကိုယ်စားလှယ် ၏ ဝန်ခံချက် | | | |
|---|---|---|---|
| အထက်ဖော်ပြပါ electronic ဖိုင်အမည်အတွင်းရှိ အချက်အလက်များသည် ကျွန်ုပ် သိရှိရသော အချက်အလက်အားလုံးအရ မှန်ကန်ပြည့်စုံပါကြောင်းဝန်ခံလက်မှတ်ရေးထိုးပါသည်။<br>(မှတ်ချက်။ စာရွက်စာတမ်းလိမ်ညာတင်သွင်းခြင်းသည် ရာဇသတ်ကြီးဥပဒေပုဒ်မ ၁၇၇ ကို ချိုးဖောက်ခြင်းဖြစ်သည်။) | | | |
| လက်မှတ် | | ရက်စွဲ<br>(ရက်၊လ၊နှစ်) | |
| ပုဂ္ဂိုလ်စု ကိုယ်စား ၊ အစိုးရအဖွဲ့အစည်းကိုယ်စား ၊ သို့မဟုတ် တရားဝင်တာဝန်ယူမဖြေရှင်းနိုင်သောသူ ကိုယ်စား လက်မှတ်ရေးထိုးသူဖြစ်ပါက နာမည်အပြည့်အစုံကိုဖော်ပြပါ။ | | ရာထူး | |

# ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်

## အခွန်ထမ်း၏လက်မှတ် မှတ်တမ်း (Form SIG–1) အတွက် ညွှန်ကြားချက်

### ယေဘုယျ ညွှန်ကြားချက်များ

### Form SIG–1 တင်သွင်းရမည့်သူများ

အခွန်ထမ်းများအနေဖြင့် ယင်းတို့၏ အခွန်ကြေညာလွှာကို ပြည်တွင်းအခွန်များဦးစီးဌာနသို့ အချက်အလက် ဖြည့်သွင်းနိုင်သော ပီဒီအက်ဖ် (PDF) အီလက်ထရောနစ်ဖိုင်ဖြင့် တင်သွင်းလိုပါက တင်သွင်းနိုင်ပါမည်။ အခွန်ကြေညာလွှာ အမျိုးအစား တစ်ခုချင်းအလိုက် အချက်အလက် ဖြည့်သွင်းနိုင်သော ပီဒီအက်ဖ် (PDF) ပုံစံများကို ပြည်တွင်းအခွန်များဦးစီးဌာန ဝက်ဘက်ဆိုက်(website) တွင် ရရှိနိုင်ပြီး အခွန်ကြေညာလွှာအားလုံးအတွက် ၂၀၁၉ ဇွန် ၃၀ သို့မဟုတ် ယင်းထက်နောက်ကျသောရက်တွင် အသုံးပြုနိုင်သည်။ အခွန်ကြေညာလွှာကို အချက်အလက် ဖြည့်သွင်းနိုင်သော ပီဒီအက်ဖ်ဖိုင် (PDF file) ဖြင့် ကြေညာလွှာတင်သွင်းသည့် အခွန်ထမ်းများအနေနှင့် ဤ “အခွန်ထမ်း၏လက်မှတ် မှတ်တမ်း” ပုံစံကို တင်သွင်းရန် လိုအပ်ပါသည်။

အကယ်၍ အခွန်ထမ်းများအနေဖြင့် အချက်အလက်ဖြည့်သွင်းနိုင်သော ပီဒီအက်ဖ်ဖိုင် (PDF file)တွင် အချက်အလက်များ ပြည့်စုံစွာ ရေးသား ဖြည့်သွင်းပြီး ပရင့် (Print) ထုတ်ကာ စာရွက်ဖြင့် တင်ပြသော အခွန်ကြေညာလွှာအဖြစ်လည်း ပြည်တွင်းအခွန်များဦးစီးဌာနသို့ တင်သွင်းနိုင်ပါသည်။ အကယ်၍ စာရွက်ဖြင့်သာ အခွန်ကြေညာလွှာကို တင်သွင်းခဲ့ပါက ဤပုံစံကို အသုံးပြုရန် မလိုအပ်ပါ။

အခွန်ထမ်းများဖြည့်သွင်းသော အချက်အလက်များတွင် ညီညွတ်မှုရှိစေရန်လည်းကောင်း၊ အခွန်ကြေညာလွှာ အမျိုးမျိုးတွင် လိုအပ်သည့် အခြေခံ တွက်ချက်မှုများကို ပြုလုပ်ပေးခြင်းအားဖြင့် တွက်ချက်မှု အမှားအယွင်းများကို ရှောင်ရှားနိုင်ရန်လည်းကောင်း ရည်ရွယ်၍ အချက်အလက် ဖြည့်သွင်းနိုင်သော ပီဒီအက်ဖ်ဖိုင်(PDF file) များ အသုံးပြုခြင်း ဖြစ်ပါသည်။

အချက်အလက် ဖြည့်သွင်းနိုင်သော ပီဒီအက်ဖ် (PDF) ပုံစံများအသုံးပြုသည့်အခါတွင်လည်း အခွန်ကြေညာလွှာတစ်ခုချင်းစီအတွက် ဖော်ပြထားသည့် ညွှန်ကြားချက်များအတိုင်း လိုက်နာဖြည့်သွင်းရန် လိုအပ်ပါသည်။

ပီဒီအက်ဖ်ဖိုင်များကို စီဒီ (CD)၊ ဒီဗွီဒီ (DVD)၊ ဖလက်ရှ်ဒရိုက်ဗ် (Flash Drive)၊ မင်မိုရီကတ် (Memory Card) စသည့် အမျိုးမျိုးသော ပစ္စည်းများဖြင့် တင်သွင်းနိုင်ပါသည်။ ပီဒီအက်ဖ်ဖိုင်များကို ပြည်တွင်းအခွန်များဦးစီးဌာနသို့ အီးမေးလ် (e–mail) အသုံးပြု၍ ကြေညာလွှာတင်သွင်းခြင်းကို အားမပေးပါ။

ပြည်တွင်းအခွန်များဦးစီးဌာနသို့ ပေးအပ်ထားသော အီလက်ထရောနစ်ဖိုင်၏ မိတ္တူတစ်စုံကို သိမ်းဆည်းထားရန်လည်း တိုက်တွန်းလိုပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အီလက်ထရောနစ်ဖိုင်ကို လက်ခံရရှိသည်နှင့် Form SIG–1 ပေါ်တွင် ရက်စွဲပါသော တံဆိပ်တုံးဖြင့် ခပ်နှိပ်သွားပါမည်။ ဤလက်ခံရရှိသည့်ရက်စွဲကိုပင် ကြေညာလွှာ တင်သွင်းသည့် ရက်စွဲအဖြစ် သတ်မှတ်သွားပါမည်။ အကယ်၍ တောင်းဆိုလာပါက သင်၏ မှတ်တမ်းအလို့ငှာ Form SIG–1 မိတ္တူတစ်စောင်ကို တင်ပြပါလျှင် ပြည်တွင်းအခွန်များဦးစီးဌာနမှ အီလက်ထရောနစ်ဖိုင် လက်ခံရရှိသည့် အခါတွင် ရက်စွဲပါသော တံဆိပ်တုံးဖြင့် ခပ်နှိပ်ပေးသွားပါမည်။

## အသေးစိတ်ညွှန်ကြားချက်များ

အခွန်ထမ်း၏ ကိုယ်ရေးအချက်အလက် ကဏ္ဍတွင် အောက်ပါတို့ကို ဖော်ပြပါ။

- အခွန်ကြေညာလွှာနှင့် သက်ဆိုင်သည့် ဘဏ္ဍာရေးနှစ်
- အချက်အလက် ဖြည့်သွင်းနိုင်သော ပီဒီအက်ဖ်ဖိုင် (PDF) ပုံစံ အသုံးပြု၍ တင်သွင်းခဲ့သော အခွန်ကြေညာလွှာအမျိုးအစားကိုဖော်ပြပါ။ သုံးလပတ်ကုန်သွယ်လုပ်ငန်းခွန်နှင့် အထူးကုန်စည်ခွန်ကြေညာလွှာများအတွက် တင်သွင်းသည့် သက်ဆိုင်ရာ သုံးလပတ်ကို ဖော်ပြပါ။
- သက်ဆိုင်ရာ ကြေညာလွှာများပါဝင်သည့် အီလက်ထရောနစ်ဖိုင်၏ ဖိုင်အမည်ကို အောက်ပါအတိုင်း သတ်မှတ်ထားပါသည်–

| | |
|---|---|
| ဝင်ငွေခွန်နှစ်ချုပ်အတွက် | IT–ANNUAL–2018–2019–YOUR TIN |
| ကုန်သွယ်လုပ်ငန်းခွန် နှစ်ချုပ်အတွက် | CT–ANNUAL–2018–2019–YOUR TIN |
| ကုန်သွယ်လုပ်ငန်းခွန် ပထမသုံးလပတ်အတွက် | CT–QUARTER–1–2019–YOUR TIN |
| ကုန်သွယ်လုပ်ငန်းခွန် ဒုတိယသုံးလပတ်အတွက် | CT–QUARTER–2–2019–YOUR TIN |
| အခြေပစ္စည်းရောင်းချ၊လဲလှယ်၊လွှဲပြောင်းခြင်း<br>တစ်ခုချင်းစီအလိုက် တင်သွင်းခြင်းအခွန်အတွက် | CG–TRANSACTION–DD–MM–YY–2019–YOUR TIN |
| အခြေပစ္စည်းမှမြတ်စွန်းငွေအပေါ်စုပေါင်းတင်သွင်းခြင်းအတွက် | CG–CONSOLIDATED–2018–2019–YOUR TIN |

| | |
|---|---|
| အထူးကုန်စည်ခွန် ပထမသုံးလပတ်အတွက် | SGT–QUARTER–1–2019–YOUR TIN |
| အထူးကုန်စည်ခွန် ဒုတိယသုံးလပတ်အတွက် | SGT–QUARTER–2–2019–YOUR TIN |

သင်၏ အခွန်ထမ်း မှတ်ပုံတင်အမှတ် = ပြည်တွင်းအခွန်များဦးစီးဌာနက သင့်အတွက် သတ်မှတ်ပေးထားသော ဂဏန်း ၉ လုံးပါ အခွန်ထမ်းမှတ်ပုံတင်အမှတ် (TIN)

## ဆောင်ရွက်ခယူ၍ ကြေညာလွှာဖြည့်သွင်းသူ၏ ကတိဝန်ခံချက်

အချက်အလက် ဖြည့်သွင်းနိုင်သော ပီဒီအက်ဖ်ဖိုင်ကို တင်သွင်းခြင်း မပြုမီနှင့် ဤပုံစံကို တင်သွင်းခြင်း မပြုမီ အခွန်ကြေညာလွှာ ဖြည့်သွင်းရန် သင်အခကြေးငွေပေးထားသူ (ဥပမာ။ သင်၏ စာရင်းကိုင် သို့မဟုတ် စာရင်းစစ်ဆေးသူ) အနေဖြင့် Form SIG–1 အလယ်ရှိ ကတိဝန်ခံချက်ကို လက်မှတ်ရေးထိုးစေရမည်။ အကယ်၍ သင်၏ ဝန်ထမ်းမှ ဆောင်ရွက်ပါက ဤအပိုင်းတွင် လက်မှတ်ရေးထိုးရန် မလိုအပ်ပါ။

မှတ်ချက်။ စာရွက်စာတမ်းလိမ်ညာတင်သွင်းခြင်းသည် ရာဇသတ်ကြီးဥပဒေပုဒ်မ ၁၇၇ ကို ချိုးဖောက်ခြင်းဖြစ်သည်။

## အခွန်ထမ်း သို့မဟုတ် ကိုယ်စားလှယ်၏ ကတိဝန်ခံချက်

အချက်အလက် ဖြည့်သွင်းနိုင်သော ပီဒီအက်ဖ်ဖိုင် (PDF file) ကို တင်သွင်းခြင်း မပြုမီနှင့် ဤပုံစံကို တင်သွင်းခြင်း မပြုမီ Form SIG–1 ၏ အောက်ခြေတွင် သင့်အနေဖြင့် လက်မှတ်ရေးထိုးရမည်။

- ပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါက ထို ပုဂ္ဂိုလ်မှ လက်မှတ်ရေးထိုးရမည်။
- သမဝါယမ အသင်းအဖွဲ့ဖြစ်ပါက ဥက္ကဋ္ဌ၊ (သို့) အတွင်းရေးမှူး မှ လက်မှတ်ရေးထိုးရမည်။
- ကုမ္ပဏီ ဖြစ်ပါက ကုမ္ပဏီ ၏ ကိုယ်စားလှယ်၊ အတွင်းရေးမှူး၊ အထွေထွေမန်နေဂျာ (သို့) မန်နေဂျာ မှ လက်မှတ်ရေးထိုးရမည်။
- အစိုးရ အဖွဲ့အစည်းဖြစ်ပါက၊ စီမံရေးရာ(သို့) ငွေစာရင်းဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးဦးမှ လက်မှတ်ရေးထိုးရမည်။

မှတ်ချက်။ စာရွက်စာတမ်းလိမ်ညာတင်သွင်းခြင်းသည် ရာဇသတ်ကြီးဥပဒေပုဒ်မ ၁၇၇ ကို ချိုးဖောက်ခြင်းဖြစ်သည်။